# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၂၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၂) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၄) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၂ ရက်၊

(၅) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၅ ရက်၊

(၆) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၇) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၂ ရက်၊

(၈) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၁၀) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၁၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၁၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၁၄) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၁၅) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၁၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၁၇) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၅ ရက်၊

(၁၈) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၅ ရက်၊

(၁၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၂၀) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၅ ရက်၊

(၂၃) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၂၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၂၅) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၈ ရက်၊

(၂၆) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၂၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၅ ရက်၊

(၂၈) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၂ ရက်၊

(၂၉) ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင် ခွင့် ၁ ရက်၊

(၃၀) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၁) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၂) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၃၃) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၃၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၃ ရက်၊

(၃၅) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁၂ ရက်၊

(၃၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၃၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၂ ရက်၊

(၃၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်နှင့်

(၃၉) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပေးပို့သော ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပေးပို့လာသော ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာခဲ့ပါတယ်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ချူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၇-၁-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ရာ ဤဥပဒေကြမ်းတွင် အခန်းပေါင်း ၂၀ ခန်းနှင့် အပိုဒ်ပေါင်း ၁၃၂ ပိုဒ် ပါရှိပါသည်။ အဏုမြူစွမ်းအင် ဥပဒေသည် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်- ၈/၉၈)ကို ပြန်လည်ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ နိုင်ငံတကာမှကျင့်သုံးလျက်ရှိသည့် နျူကလီးယားဆိုင်ရာဥပဒေများနှင့် စပ်လျဉ်း၍ ဤဥပဒေကြမ်း၏ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းရန် လိုအပ်ခြင်း၊

(ခ) ဤဥပဒေကြမ်းပါ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို စိစစ်၍ ပြင်ဆင်ရန် လိုအပ်ခြင်း၊

(ဂ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များအား အချိန်ယူလေ့လာ ဆောင်ရွက်ရမည်ဖြစ်ခြင်း၊

(ဃ) ယခုအခါ လွှတ်တော်သက်တမ်းတစ်ရပ်နှင့်တစ်ရပ်အကြား ကူးပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ညှိနှိုင်းစိစစ်ရန် အချိန်လုံလောက်မှုမရှိခြင်း။

၃။ သို့ဖြစ်ပါ၍ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းထားရှိ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့သင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့သဘောထား ပြောပါ။

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို သဘောတူပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်း၏ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းရန်လိုအပ်ခြင်း၊ ဤဥပဒေကြမ်းပါ လိုင်စင်ထုတ်ပေးခြင်း

ဆိုင်ရာကိစ္စရပ်များကို စိစစ်၍ ပြင်ဆင်ရန်လိုအပ်ခြင်း၊ ဥပဒေကြမ်းရဲ့ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များအား အချိန်ယူလေ့လာ၍ ဆောင်ရွက်ရမည်ဖြစ်ခြင်းနှင့် ယခုအခါ လွှတ်တော်သက်တမ်းတစ်ရပ်၏ အကူးအပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်တဲ့အတွက် ညှိနှိုင်းစိစစ်ရန် အချိန်လုံလောက်မှုမရှိခြင်းတို့ကြောင့် ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်းကို လတ်တလောဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့သင့်ပါကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ချူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်တွင် လတ်တလောဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့သော မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့လာသော မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ၁၃-၇-၂၀၁၅ ရက်နေ့ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၇-၂၀၁၅ ရက်နေ့နှင့် ၂-၉-၂၀၁၅ ရက်နေ့တို့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ပါတယ်။

၃။ ယင်းညှိနှိုင်းအစည်းအဝေး၌ မြေသိမ်းအက်ဥပဒေကို ၁၈၉၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယခုပြင်ဆင်သည့် ဥပဒေကြမ်းသည် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် မြေယာပြဿနာများကို အထောက်အကူပြု ဖြေရှင်းနိုင်မည်မဟုတ်ကြောင်းနှင့် ခေတ်စနစ်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် အသစ်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ကြောင်း လေ့လာစိစစ်တွေ့ရှိရပါတယ်။

၄။ နိုင်ငံတော် ဒုတိယသမ္မတ ဦးဆောင်တဲ့အဖွဲ့မှ အမျိုးသားမြေအရင်းအမြစ်မူဝါဒ ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိတဲ့အတွက် ယင်းဥပဒေပြဋ္ဌာန်းပြီးမှသာလျှင် သက်ဆိုင်ရာဝန်ကြီးဌာန

အသီးသီးနှင့် ပညာရှင်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေကို အသစ်ပြန်လည်ရေးဆွဲသင့်ကြောင်း လေ့လာစိစစ်တွေ့ရှိရပါတယ်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၈-၁-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လတ်တလောဆောင်ရွက်ခြင်း မပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။

၆။ သို့ဖြစ်ပါ၍ မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် လတ်တလောဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်ကို သဘောတူပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုနာခံပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက နိုင်ငံတော် ဒုတိယသမ္မတ ဦးဆောင် တဲ့အဖွဲ့မှ အမျိုးသားမြေအရင်းအမြစ်မူဝါဒဥပဒေကြမ်းကို ရေးဆွဲလျက်ရှိနေသည့်အတွက် ယင်းဥပဒေ ပြဋ္ဌာန်းပြီးမှသာလျှင် ဤဥပဒေကို အသစ်ပြန်လည်ရေးဆွဲသင့်သောကြောင့် မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လတ်တလောဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်း တင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် တင်ပြလာတာဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်ထဲရေးဝန်ကြီးဌာနကလည်း လွှတ်တော်ရဲ့အဆုံးအဖြတ်အတိုင်း သဘောတူလက်ခံမယ်လို့ တင်ပြ ထားတာရှိပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ မြေသိမ်းအက်ဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်

တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၃-၉-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၇-၁-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးထပ်မံကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြပါသည်။

၄။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ဤဥပဒေကြမ်း၏ အခန်း(၂) တားမြစ်ချက်များ၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(စ)တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်၏အခြေခံမူများပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆွေးနွေးနိုင်ရန်အတွက် လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် လတ်တလော ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါခင်ဗျား။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံ ပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ဤဥပဒေကြမ်း၏ အခန်း(၂) တားမြစ်ချက်များ၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(စ)တို့ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်၏အခြေခံမူများပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆွေးနွေးနိုင်ရန်အတွက် လတ်တလောအတည်ပြုဆောင် ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခုတင်ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်း တင်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပေးပို့သော ဥပဒေကြမ်း(၄)ခုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကပေးပို့လာတဲ့ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း၊

မူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း (၄)ခုတို့နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီကိုယ်စား လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း၊ မူပိုင်ခွင့်ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အောက်ဖော်ပြပါ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။ အဆိုပါ ဥပဒေကြမ်းများမှာ-

(က) စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊

(ခ) ကုန်အမှတ်တံဆိပ် ဥပဒေကြမ်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်း၊

(ဃ) မူပိုင်ခွင့် ဥပဒေကြမ်း တို့ဖြစ်ပါတယ်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၇-၁-၂၀၁၆ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့် အညီ လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းများ၏ မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး တည်ထောင်ရမည်ဖြစ်ပြီး ယင်းရုံးကို တာဝန်ယူဆောင်ရွက်မည့် တာဝန်ခံဝန်ကြီးဌာနကို ပြည်ထောင်စု

အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်ဖြစ်သဖြင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို သီးခြားအခန်းတစ်ခန်းအဖြစ် ပြဋ္ဌာန်းရန် လိုအပ်ခြင်း၊

(ခ) အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံး တည်ထောင်ရမည်ဖြစ်ပြီး ယင်းတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အသေးစိတ်ညှိနှိုင်း၍ ပြန်လည်ပြင်ဆင်ရန် လိုအပ်ခြင်း၊

(ဂ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ပြဋ္ဌာန်းချက်များအား အချိန်ယူလေ့လာ၍ ဆောင်ရွက်ရမည်ဖြစ်ခြင်း၊

(ဃ) ယခုအခါ လွှတ်တော်သက်တမ်းတစ်ရပ်၏ အကူးအပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ညှိနှိုင်းစိစစ်ရန် အချိန်လုံလောက်မှုမရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်တွင် လတ်တလောဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန်အတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါခင်ဗျား။

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်အတိုင်း နာခံပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်း(၄)ခုနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး တည်ထောင်ရမည်ဖြစ်ပြီး အဆိုပါရုံးနှင့်စပ်လျဉ်းတဲ့ ကိစ္စရပ်များကို သီးခြားအခန်းတစ်ခန်းအဖြစ် ပြဋ္ဌာန်းရန်လိုအပ်ခြင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးနိုင်ရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံး တည်ထောင်ရမည်ဖြစ်ပြီး ယင်းတရားရုံးရဲ့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အသေးစိတ်ညှိနှိုင်း၍ ပြန်လည်ပြင်ဆင်ရန် လိုအပ်ခြင်း၊

ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြဋ္ဌာန်းချက်များအား အချိန်ယူဆောင်ရွက်ရမည်ဖြစ်ခြင်းနှင့် ယခုအခါ လွှတ်တော်သက်တမ်းတစ်ရပ်ရဲ့ အကူးအပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်တဲ့အတွက် ညှိနှိုင်းစိစစ်ရန်အချိန်လုံလောက်မှုမရှိခြင်းတို့ကြောင့် ဒီဥပဒေကြမ်း(၄)ခုကို လတ်တလောဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်း(၄)ခုနှင့် စပ်လျဉ်းပြီး လတ်တလောဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခုတင်ပြထားတဲ့ဥပဒေကြမ်း(၄)ခုနှင့် စပ်လျဉ်းပြီး လတ်တလောဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်ဥပဒေကြမ်းနှင့် မူပိုင်ခွင့်ဥပဒေကြမ်း (၄)ခုနှင့်စပ်လျဉ်းပြီး လတ်တလော ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## နိုင်ငံခြားရေးဝန်ကြီးဌာနက တင်သွင်းသည့် သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရေးဝန်ကြီးဌာနက တင်သွင်းသော သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ၂၀-၁-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်း၍ အမည်စာရင်းတောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယခုယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြမှာဖြစ်တဲ့အတွက် ရှင်းလင်းတင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီ၏ကိုယ်စား သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာခဲ့ပါတယ်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၀-၁-၂၀၁၄ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၁-၂၀၁၆ ရက်နေ့တွင် ထပ်မံ၍ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းသည် နိုင်ငံတကာကျင့်သုံးနေသော သံတမန်ခန့်အပ်ခြင်းဆိုင်ရာမူဝါဒများနှင့် လိုက်လျောညီထွေရှိစေရန် စနစ်တကျရွေးချယ်ပြီး Political Post အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန်အတွက် ရေးဆွဲထားခြင်းဖြစ်သဖြင့် လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့သင့်ပါကြောင်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် လတ်တလော ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းအဖြစ်ထားရှိ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**မူကြမ်း**

**ဦးတင်ဦးလွင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ချက်ကို သဘောတူပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပါမယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက နိုင်ငံတကာကျင့်သုံးနေသော သံတမန်ခန့်အပ်ခြင်းဆိုင်ရာမူဝါဒနှင့် လိုက်လျောညီထွေမှုရှိစေရန် လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိနိုင်ရေးနှင့် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့ သင့်ကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြ မ်းနှင့်စပ်လျဉ်းပြီး လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိနိုင်ရေးနှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူ/မတူ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ အခုတင်ပြထားတဲ့ သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောအတည်ပြု ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်၊ သယ်န်းကွန်းမဲဆန္ဒနယ်က တင်သွင်းသည့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက် ဥပဒေ(အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်န်းကွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က တင်သွင်းတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ(အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်တဲ့ ၆-၈-၂၀၁၂

ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ဆွေးနွေးရန် တင်ပြစာရင်းပေးခဲ့ပါတယ်။ သို့သော် ယင်းဥပဒေကြမ်း၏ ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး လက်ရှိအခြေအနေတွင် ဆက်လက်ဆွေးနွေးရန် မသင့်ကြောင်း ဥပဒေကြမ်းကော်မတီက သုံးသပ်ပြီး ယာယီဆိုင်းငံ့ထားခဲ့ပါတယ်။ ယခု ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြမှာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က တင်သွင်းသော ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ(အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၇-၇-၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့၌ ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀-၇-၂၀၁၂ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါတယ်။

၃။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ၃၀-၇-၂၀၁၂ ရက်နေ့၌ လွှတ်တော်တွင် ဖတ်ကြားတင်သွင်းခဲ့ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးမှ ဆွေးနွေးတင်ပြလာခဲ့ပါတယ်။

၄။ ဤဥပဒေကြမ်း၏ ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး လက်ရှိအခြေအနေတွင် ဆက်လက်ဆွေးနွေးရန်မသင့်ကြောင်း ဥပဒေကြမ်းကော်မတီက သုံးသပ်ခဲ့ပြီး ယာယီဆိုင်းငံ့ထားခဲ့ပါတယ်။

၅။ ၉-၁-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ဥပဒေကြမ်းပါ ပြင်ဆင်ချက်များသည် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးအတွက် အဓိကကျသဖြင့် အလေးအနက်ထား ဆွေးနွေးဆုံးဖြတ်ရမည်ဖြစ်သောကြောင့် ယခုလွှတ်တော်သက်တမ်းတွင် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၆။ သို့ဖြစ်ပါ၍ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို သဘောတူပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့သဘောထားကိုလည်း ပြောပါခင်ဗျား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းပါပြင်ဆင်ချက်သည် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးအတွက် အဓိကကျသဖြင့် အလေးအနက်ထား ဆွေးနွေးဆုံးဖြတ်ရမှာဖြစ်တဲ့အတွက်ကြောင့် ယခု လွှတ်တော်သက်တမ်းတွင် ဆက်လက်ဆွေးနွေးခြင်းမပြုရန် တင်ပြလာတာဖြစ်ပါတယ်။ ဒီဥပဒေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနကရော၊ ဥပဒေကြမ်းကို တင်သွင်းလာတဲ့

သယ်နိုးကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကရော သဘောတူခဲ့ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရန် သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုလွှတ်တော်က ပေးပို့သော မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ပေးပို့လာတဲ့ မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့ခဲ့ပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ပြီး ရည်ညွှန်းပါစာဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

၃။ ထိုသို့ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်းကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်အပေါ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်၏ ဆုံးဖြတ်ချက်ကို အခြားလွှတ်တော်၏ သဘောထားရယူနိုင်ရန်အတွက် အထက်ရည်ညွှန်းပါစာဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာခဲ့ခြင်းဖြစ်ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၈-၁-၂၀၁၆ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်က အောက်ဖော်ပြပါ အချက်များအရ လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်-

(က) စာရင်းအင်းလုပ်ငန်းများ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန်၊

(ခ) အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးမှုမဟာဗျူဟာ ရေးဆွဲကာ အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် ကောင်းမွန်စွာ ပေါ်ပေါက်စေရန်၊

(ဂ) မြန်မာနိုင်ငံ စာရင်းအင်းဥပဒေကြမ်းကို ပိုမိုပြည့်စုံမှုရှိစေရန်ဟု ဖော်ပြပါရှိပါတယ်။

**မူကြမ်း**

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်က လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် ပေးပို့ရန် ဆုံးဖြတ်ခဲ့ခြင်းကို သဘောတူလက်ခံခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက် အတိုင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူခြင်းကို လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါခင်ဗျာ။

**ဒေါ်လှဲ့လှဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခြင်းကို ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ် ချက်အတိုင်း သဘောတူ/မတူ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ မြန်မာနိုင်ငံစာရင်းအင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ဆုံးဖြတ်ချက် အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ပေးပို့လာတဲ့ ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကျွန်တော် ကော်မတီဝင် ဦးသိန်းထွန်းဦးကနေပြီးတော့ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါသည်။

၃။ ထိုသို့ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်းကို ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်အပေါ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်၏ ဆုံးဖြတ်ချက်ကို အခြားလွှတ်တော်၏ သဘောထားရယူနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၈-၁-၂၀၁၆ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ

၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်က အောက်ဖော်ပြပါ အချက်များအရ လတ်တလောအတည်ပြုဆောင်ရွက်ခြင်း မပြုရန်ဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်-

အဆိုပါ အမျိုးသားလွှတ်တော်၏ ဖော်ပြချက်များမှာ -

(က) ကျောင်းတည်ဆောက်ရမည့် ဖော်ပြချက်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိရန် လိုအပ်ခြင်း၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်မိသားစုများ သာမက နိုင်ငံသားများပါ တက်ရောက်သင်ကြားခွင့်ရှိသော ကျောင်းများ၏ ရပ်တည်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ခြင်း၊

(ဂ) နိုင်ငံခြားရေးရာကိစ္စများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိရန်လိုအပ်ခြင်း၊

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၆-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ ဤဥပဒေကြမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရန် သဝဏ်လွှာပေးပို့ပြီးဖြစ်ခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ခြင်းကို သဘောတူခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူခြင်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါခင်ဗျာ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပုဂ္ဂလိက ပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံတင်ပြခြင်းအပေါ် မှာ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူသွားပါမယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခြင်းကို ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း သဘောတူ/မတူ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုလွှတ်တော်က ပေးပို့သော အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာတဲ့ အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အကျဉ်းထောင်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ အမျိုးသား လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့ခဲ့ပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၃၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ပြီး ၃၁-၁၁-၂၀၁၅ ရက်စွဲပါစာဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

၃။ ထိုသို့ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်းကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်အပေါ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်၏ ဆုံးဖြတ်ချက်ကို အခြား လွှတ်တော်၏ သဘောထားရယူနိုင်ရန်အတွက် ၁၀-၁၂-၂၀၁၅ ရက်စွဲပါစာဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း ၍ ၈.၁.၂၀၁၆ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်က အောက်ဖော်ပြပါ အချက်များအရ လတ်တလောအတည်ပြုဆောင်ရွက်နိုင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည် -

(က) အကျဉ်းထောင်များသည် အကျဉ်းသားများကို ပြစ်ဒဏ်ပေး၍ အကျဉ်းချထားရန် သက်သက်မဟုတ်ဘဲ စာရိတ္တပြုပြင်ရေး ရည်ရွယ်ချက်ဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက် ပေးရန် လိုအပ်ခြင်း၊

(ခ) စာရိတ္တပြုပြင်ရေးနှင့် သက်မွေးပညာသင်ကြားလေ့ကျင့်ပေးမှု အစီအစဉ်များ ပိုမို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာလက်မှတ်များ ထုတ်ပေးနိုင်သည်အထိ အတတ် ပညာလေ့ကျင့်ရေးစခန်းများလည်း ထူထောင်ထားရှိရန် လိုအပ်ခြင်း၊

(ဂ) အကျဉ်းဦးစီးဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံကို စံကိုက်ဖွဲ့စည်းပြီး ပြစ်ဒဏ်ကျ အကျဉ်း သားအချင်းချင်း ပြန်လည်အုပ်ချုပ်စေသည့် စနစ်များကို ဖျက်သိမ်းရန် လိုအပ်ခြင်း။

**မူကြမ်း**

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ခြင်းကို သဘောတူခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူခြင်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခြင်းကို ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာတဲ့ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကျွန်တော် ကော်မတီဝင် ဦးသိန်းထွန်းဦးမှ ဆက်လက်ပြီးတော့ လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ ရည်ညွှန်းချက်(၁) အမျိုးသားလွှတ်တော်၏ ၃၀-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၆၃၀၊ ရည်ညွှန်းချက်(၂) ပြည်ထောင်စုလွှတ်တော်ရုံး ၏ ၁၀-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀(၃၅၈)/ပထစ-၂၀၁၅။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော် ရုံးက ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၃၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ပြီး ရည်ညွှန်း(၁)ပါစာဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

၃။ ထိုသို့ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်းကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်အပေါ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်၏ ဆုံးဖြတ်ချက်ကို အခြား

လွှတ်တော်၏ သဘောထားရယူနိုင်ရန်အတွက် ရည်ညွှန်း(၂)ပါစာဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၈-၁-၂၀၁၆ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်က အောက်ဖော်ပြပါအချက်များအရ လတ်တလောအတည်ပြုဆောင်ရွက်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည် -

(က) လက်ရှိခေတ်ကာလ အခြေအနေတွင် လိင်မှုတစ်ဆင့် ကူးစက်ရောဂါများ ပြန့်ပွားကူးစက်မှုအတွက် ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာရှုထောင့်များမှ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်း၊

(ခ) ခေတ်နှင့်မလျော်ညီသော စကားရပ်များနှင့်အသုံးအနှုန်းများကို ပြင်ဆင်ရန်လိုအပ်ခြင်း၊

(ဂ) ပြည့်တန်ဆာများကို အရေးယူအပြစ်ပေးခြင်းသာမက ကျန်းမာရေးအသိပညာပေးခြင်းနှင့် ပြုစုကုသစောင့်ရှောက်ခြင်း၊

(ဃ) စာရိတ္တပိုင်းဆိုင်ရာ အပြုအမူပြောင်းလဲမှုများအတွက် နှစ်သိမ့်ပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(င) သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ပိုမိုပြည့်စုံသည့် ဥပဒေကြမ်း အသစ်တစ်ရပ် ပြန်လည်ရေးဆွဲရန် လိုအပ်ခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ခြင်းကို သဘောတူခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူခြင်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါခင်ဗျား။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါမယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခြင်းကို ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုလွှတ်တော်က ပေးပို့သော လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာတဲ့ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ရည်ညွှန်းချက်(၁) အမျိုးသား

လွှတ်တော်၏ ၃၀-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၆၃၁၊ ရည်ညွှန်းချက်(၂) ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၀-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၃၅၈)/ပထစ-၂၀၁၅။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့ခဲ့ပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၃၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ပြီး ရည်ညွှန်း(၁)ပါစာဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

၃။ ထိုသို့ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်းကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်အပေါ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်၏ ဆုံးဖြတ်ချက်ကို အခြား လွှတ်တော်၏ သဘောထားရယူနိုင်ရန်အတွက် ရည်ညွှန်း(၂)ပါစာဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၈-၁-၂၀၁၆ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ခေတ်စနစ်နှင့် ကိုက်ညီသည့် လက်နက်၊ ခဲယမ်းအမျိုးအစားများကို တိကျပြည့်စုံစွာ ထည့်သွင်းဖော်ပြသတ်မှတ်ရန်နှင့် လက်နက် အမျိုးအစားအလိုက် အဆင့်အတန်းသတ်မှတ်ချက်များ၊ ဒေသသုံးလက်နက်များ၊ လက်နက်သဖွယ် အသုံးပြုနိုင်သည့် ကိရိယာတန်ဆာပလာများကိုပါ ထည့်သွင်းဖော်ပြရန် လိုအပ်ချက်များရှိနေ သောကြောင့် လတ်တလောအတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ပိုမိုပြည့်စုံသည့် ဥပဒေကြမ်းအသစ်တစ်ရပ် ပြန်လည်ရေးဆွဲရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်က လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့ခြင်းကို သဘောတူခဲ့ပါသည်။

**မူကြမ်း**

၆။ သို့ဖြစ်ပါ၍ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူခြင်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ခေတ်စနစ်နှင့်ကိုက်ညီတဲ့ လက်နက်ခဲယမ်းအမျိုးအစားများကို တိကျပြည့်စုံစွာ ထည့်သွင်းဖော်ပြသတ်မှတ်နိုင်ရန်နှင့် လက်နက်အမျိုးအစားအလိုက် အဆင့်အတန်းသတ်မှတ်ချက်များ၊ ဒေသသုံးလက်နက်များ၊ လက်နက်သဖွယ်အသုံးပြုနိုင်တဲ့ ကိရိယာတန်ဆာပလာများကိုပါ ထည့်သွင်းဖော်ပြရန် လိုအပ်သောကြောင့် လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ပိုမိုပြည့်စုံတဲ့ ဥပဒေကြမ်းအသစ်တစ်ရပ် ပြန်လည်ရေးဆွဲနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခဲ့ခြင်းကို ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ အခု တင်ပြထားတဲ့ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီ အချိန်တွင်ရပ်နားပါသည်။]